## International Day For the Elimination of all forms of Violence against Women ( နိုင်ငံတကာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ပပျောက်ရေးနေ့)

၁။ နိုဝင်ဘာလ ၂၅ ရက်နေ့သည် နိုင်ငံတကာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ပပျောက်ရေး နေ့ ဖြစ် ပါသည်။ ဖဲကြိုးဖြူနေ့ဟူ၍လည်း သိကြပါသည်။ အမျိုးသမီးများ အပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ လျော့ပါးပပျောက်စေရန် ရည်ရွယ်၍ နှစ်စဉ် နိုဝင်ဘာလ (၂၅) ရက်နေ့မှ ဒီဇင်ဘာလ (၁၀) ရက်နေ့အထိ ကျင်းပလေ့ရှိပြီး ၁၆ ရက်တာ လှုပ်ရှားမှုဟု လူသိများသော 16 days of Activism Against Gender Violence လှုပ်ရှားမှုစတင်သည့် ပထမဆုံး အထိမ်းအမှတ်နေ့ရက်လည်း ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံတွင်လည်း အကြမ်းဖက်စစ်ကောင်စီ အာဏာမသိမ်းမီက အဆိုပါနေ့တွင် အထိမ်းအမှတ် ပွဲများ၊ ဖဲကြိုးဖြူကမ်ပိန်းများ စသည်တို့ကို မြို့ရွာများတွင် နှစ်စဉ်နှစ်တိုင်း ကျင်းပပြုလုပ် လေ့ရှိပါ သည်။ သို့သော် အကြမ်းဖက်စစ်တပ်မှ အာဏာသိမ်းပြီးသည့် ၂၀၂၁ ခုနှစ်မှ စတင်ပြီး မြန်မာနိုင်ငံတွင် အမျိုးသမီးလူ့အခွင့်အရေးသာမက ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများ လုံးဝဆိတ်သုဉ်းခဲ့ရပြီး အာဏာ သိမ်း စစ်တပ်သည် ပြည်သူလူထုကို ဖမ်းဆီးမှုများ၊ သတ်ဖြတ်မှုများ၊ ကျေးရွာများ မီးရှို့ဖျက်ဆီးခြင်း၊ လေယာဉ်ဖြင့် စာသင်ကျောင်းများ၊ ဘုန်းကြီးကျောင်းများကို ဗုံးကြဲခြင်းများ၊ အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ ကျူးလွန်ခြင်းများ စသည့် အကြမ်းဖက်မှုများကို ဆက်တိုက် ကျူးလွန်လျက်ရှိပါသည်။

၃။ စစ်အာဏာမသိမ်းမီက အမျိုးသမီးများသည် လူမှုအဖွဲ့အစည်း၏ ကဏ္ဍအသီးသီးတွင် ဦးဆောင် လုပ်ကိုင်ခဲ့ကြပြီး စစ်အာဏာသိမ်းပြီးသည့် အချိန်၌လည်းကျရာ ကဏ္ဍမှ စစ်အာဏာရှင် ကျဆုံးရေး အတွက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြပါသည်။ စိတ်ဓာတ်ကြံ့ခိုင်စွာဖြင့် တော်လှန်ရေး၏ တစ်ထောင့် တစ်နေရာတွင် ပါဝင်ဆောင်ရွက်ပေးနေကြသော အမျိုးသမီးများကိုလည်း လေးစားဂုဏ်ယူကြောင်း ပြောကြားလိုပါသည်။

၄။ ယခုကဲ့သို့ တော်လှန်ရေးကာလတွင် အာဏာသိမ်းစစ်ကောင်စီအား တွန်းလှန်နေသည့် အမျိုးသမီး များအပေါ် အကြမ်းဖက်မှုကို လုံးဝလက်မခံရေး၊ အရေးယူဆောင်ရွက်နိုင်ရေးတို့မှာ မြန်မာပြည်သူ လူထုတစ်ရပ်လုံးနှင့် တော်လှန်ရေး အဖွဲ့အစည်းများအားလုံး၏ တာဝန်ပင်ဖြစ်ပါသည်။ ပြည်သူ့ တော်လှန်ရေးအဖွဲ့များအနေဖြင့် လည်း မိမိတို့၏ ပြည်သူများ အပေါ် တွင်သာမက အမျိုးသမီးတပ်သား များအပေါ်၌လည်း အကြမ်းဖက်မှုများ၊ ကျား-မ ခွဲခြားဆက်ဆံမှုများ ရှောင်ရှားပြီး တန်းတူအခွင့်အရေး ပေးရန် အရေးကြီးလှပါသည်။

၅။ “သွေးစည်းညီညွတ်မှုကို ပြကြ၊ အမျိုးသမီးနှင့် မိန်းကလေးများအပေါ် အကြမ်းဖက်မှုများ ကာကွယ် ရန်အတွက် ရင်းနှီးမြှုပ်နှံကြ” ဆိုသည့် ၂၀၂၃ ခုနှစ် ဆောင်ပုဒ်အတိုင်း ပြည်သူတစ်ရပ်လုံး သွေးစည်း ညီညွတ်စွာ ဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရမည် ဖြစ်ပါသည်။ စစ်အာဏာရှင်စနစ်ကို အပြီးတိုင် ဖယ်ရှား နိုင်မှသာ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေးများ အပြည့်အ၀ ပြန်လည်ရရှိနိုင်မှာ ဖြစ်ပြီး အမျိုးသမီးများ အပေါ် အကြမ်းဖက်မှုများ ပပျောက်နိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် အမျိုးသမီးများအပေါ် အကြမ်း ဖက်မှုများ ပပျောက်စေရန်အတွက် အကြမ်းဖက်စစ်ကောင်စီကို အမြစ်ပြတ်တွန်းလှန်ကြပြီး သွေးစည်း ညီညွတ်မှုကို ပြသရန် လိုအပ်ပြီ ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။